

ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်

ပြန်လည်ထူထောင်ရေးနှင့် အခွင့်အလမ်းများ မြှင့်တင်ခြင်း မိခင်နှင့်ကလေးအတွက် ကူညီပံ့ပိုးမှုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

Indiana ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ် ဆိုသည်မှာ အဘယ်နည်း။

Indiana ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်ဆိုသည်မှာ မူးယစ်ဆေးဝါးစွဲလန်းနေသော သို့မဟုတ် မူးယစ်ဆေးဝါးစွဲလန်းမှုဒဏ်ကို ခံနေရသော ကိုယ်ဝန်ဆောင် Medicaid အဖွဲ့ဝင်များအတွက် မိမိဆန္ဒအလျောက် ပါဝင်နိုင်သော အခမဲ့ပရိုဂရမ် ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ ရည်ရွယ်ချက်များမှာ-

- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ရရှိရန်နှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရန်
- ပြန်လည်ကျန်းမာလာစေရန်အတွက် ကုသရေးဝန်ဆောင်မှုများကို ရယူနိုင်ရန်
- ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီးနောက်ပိုင်း 12 လအတွင်း မိခင်နှင့် မွေးကင်းစကလေးအတွက် ထောက်ပံ့မှုများ ဆက်လက်ရရှိရန်
- မျော်လင့်ချက်ရှိစေရန်နှင့် အနာဂတ်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်ကို ချမှတ်ရန်

Indiana ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်က အဘယ်ကြောင့် အရေးကြီးသနည်း။

- Indiana တွင် မိခင်များသေဆုံးမှု၏ အဓိကဦးဆောင်သည့်အကြောင်းရင်းမှာ မူးယစ်ဆေးဝါးစွဲလန်းမှုကြောင့် ဖြစ်သည်
- ကိုယ်ဝန်ဆောင်စဉ်အတွင်း မူးယစ်ဆေးဝါးစွဲလန်းမှုကို ကုသနိုင်သည့် ထိရောက်သော နည်းလမ်းများစွာရှိသည်
- မူးယစ်ဆေးသုံးစွဲမှုကို ကိုယ်ဝန်ဆောင်စဉ်အတွင်း ကုသခြင်းသည် မိခင်ရော မွေးကင်းစကလေးငယ်ကိုပါ ထိခိုက်စေသော သက်ရောက်မှုများနှင့် အန္တရာယ်များအား လျော့ကျနိုင်စေသည်

မည်သူများ ပါဝင်နိုင်သနည်း။

ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်ကို Indiana ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ရရှိနိုင်ပါသည်။ သတ်မှတ်ချက် ပြည့်မီရန်အတွက် ပါဝင်သူများသည် အောက်ပါစံသတ်မှတ်ချက်များကို ပြည့်မီရမည်-

- ကိုယ်ဝန်ရှိခြင်း သို့မဟုတ် ကိုယ်ဝန်မရှိတော့သည်မှာ ရက်ပေါင်း 90 အတွင်းဖြစ်ခြင်း
- လက်ရှိ မူးယစ်ဆေးဝါး သုံးစွဲကြောင်း သို့မဟုတ် ယခင်ကသုံးစွဲခဲ့ကြောင်း သတ်မှတ်ခံထားရခြင်း
- Medicaid ကျန်းမာရေးအာမခံအတွက် သတ်မှတ်ချက်ပြည့်မီခြင်း သို့မဟုတ် အဆိုပါအာမခံ ရရှိထားခြင်း

Office of Medicaid Policy & Planning

ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ ရန်ပုံငွေ (တစ်စိတ်တစ်ပိုင်း) ကို Indiana Family and Social Services Administration (Indiana မိသားစုနှင့် လူမှုဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဌာန) ၏ Division of Mental Health and Addiction (စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲဌာနခွဲ) နှင့် ဖက်ဒရယ် Substance Abuse and Mental Health Services Administration (မူးယစ်ဆေးဝါးစွဲလန်းမှုနှင့် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဌာန) ၏ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီးစ အမျိုးသမီးများအတွက် ပြည်နယ်ရှေ့ပြေး ပရိုဂရမ်တို့က ပံ့ပိုးပေးထားသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်

ပြန်လည်ထူထောင်ရေးနှင့် အခွင့်အလမ်းများ မြှင့်တင်ခြင်း မိခင်နှင့်ကလေးအတွက် ကူညီပံ့ပိုးမှုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ အကျိုးခံစားခွင့်များမှာ အဘယ်နည်း။

- **ချိတ်ဆက်ပေးခြင်း-** ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်တွင် ပါဝင်သူများကို အမှုတွဲကိုင် မန်နေဂျာတစ်ဦးနှင့် ချိတ်ဆက်ပေးပါမည်။ စာရင်းသွင်းထားစဉ်အတွင်း မိခင်များနှင့် မွေးကင်းစကလေးငယ်များ ကျန်းမာပြီး အဆင်ပြေစေရန် လိုအပ်သော စောင့်ရှောက်မှုနှင့် အရင်းအမြစ်များကို ရရှိနိုင်စေရန် အမှုတွဲကိုင်မန်နေဂျာများက လျှို့ဝှက်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးပါမည်။
- **ညှိနှိုင်းဆောင်ရွက်ပေးခြင်း-** ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ အမှုတွဲကိုင် မန်နေဂျာများသည် ပြုစုစောင့်ရှောက်မှုများကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် မိသားစုများအတွက် လူမှုအသိုင်းအဝိုင်းအတွင်းရှိ အရင်းအမြစ်များကို ဖော်ထုတ်နိုင်ရန် ပါဝင်သူများ၊ ၎င်းတို့၏ ဆရာဝန်များနှင့် စောင့်ရှောက်မှုပေးသူအဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ပါမည်။
- **ကာကွယ်ခြင်း-** ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ ရည်ရွယ်ချက်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုသမှုများနှင့် တတ်နိုင်သမျှ စောစောချိတ်ဆက်ပေးခြင်းဖြင့် မိဘနှင့် ကလေးအပေါ် သက်ရောက်နေသော မူးယစ်ဆေးဝါးစွဲလန်းမှုဆိုးကျိုးများကို လျော့ချရန်နှင့် ကာကွယ်ရန်ဖြစ်သည်။

သင်ကိုယ်တိုင် သို့မဟုတ် သင့်အသိ တစ်စုံတစ်ဦးကို ရည်ညွှန်းရန်
www.PregnancyPromise.in.gov သို့ဝင်ရောက်ကြည့်ရှုပါ၊ အီးမေးလ် PregnancyPromise@fssa.in.gov သို့ဆက်သွယ်ပါ သို့မဟုတ် 317-234-5336 ကိုခေါ်ဆိုပါ သို့မဟုတ် ခေါ်ဆိုခ အခမဲ့နံပါတ် 888-467-2717 ကိုခေါ်ဆိုပါ။



INDIANA FAMILY & SOCIAL SERVICES ADMINISTRATION
FSSA
Office of Medicaid Policy & Planning
IN-MED-M-4415907

STATE OF INDIANA FAMILY AND SOCIAL SERVICES ADMINISTRATION
402 W. Washington St., Room W374, Indianapolis, IN 46204-2739
www.fssa.in.gov

Indiana Family and Social Services Administration (Indiana မိသားစုနှင့် လူမှုဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဌာန) သည် လူမျိုး၊ အသားအရောင်၊ အယူဝါဒ၊ လိင်အမျိုးအစား၊ အသက်၊ မသန်စွမ်းမှု၊ နိုင်ငံတော်သို့မဟုတ် မျိုးရိုးပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုပါ။

#6369 | မေလ 22 ရက်၊ 2025 ခုနှစ် မနက် 8:56